# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ၂၄ ရက်မြောက်နေ့ အစီအစဉ်
# [ ၁၀ - ၃ - ၂၀၁၅ ]
# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်ယာမြေများကို စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ တောင်သူများထံ ထောက်ပံ့သည့် နစ်နာကြေးများ ထုတ်ပေးခဲ့ရာ တောင်သူ(၅)ဦးခန့် ကျန်ရှိနေခြင်းနှင့် ရန်ကုန် - မန္တလေး မြို့ရှောင်လမ်းပေးလျော်ရာတွင် လယ်ဝေးမြို့နယ်အပိုင်း ကိုသာ ပေးလျော်ခဲ့ပြီး ကျန်ရှိနေသေးသော ပျဉ်းမနားမြို့နယ်အပိုင်းရှိ နစ်နာကြေးမရသေးသူ တောင်သူများအား အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်ကို** သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်းမိုင်တိုင် ၄၃/၆ နားရှိ အန္တရာယ်ကုန်းအတက်အား ဆင်ခြေလျှော ၁၀ ဒီဂရီခန့်သို့ လျှော့ချပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရခိုင်ပြည်နယ်၊ ဘူးသီးတောင် - မောင်တော ကတ္တရာလမ်း(၁၆)မိုင်တွင် ကျန်ရှိနေသေးသော (၁၄ မိုင် ၂ ဖာလုံ)အား (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်နှင့် မောင်တောမြို့နယ်ရှိ ခမောင်းဆိပ်မှဗန္ဓုလအထိ (၉ မိုင် ၃ ဖာလုံ) မြေသားလမ်းအား အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၊ တောင်သူ(၆၆)ဦး၏ ဥယျာဉ်ခြံမြေ (၃၅.၅၃)ဧကအား တပ်မြေတိုးချဲ့ရန် သိမ်းဆည်းထားခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **တပ်သိမ်းမြေများ အနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေး တင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့်နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ဆက်လက်ထုတ်လွှင့်ပြသခြင်း။

၁၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၂၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၂၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။